**တရားရေးဝန်ထမ်းများ(တရားသူကြီးများနှင့်ဥပဒေအရာရှိကြီးများ)ထံသို့**

**မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှဥပဒေကျောင်းသား/သူများမှ CDMတွင်ပူပေါင်းပါဝင်ရန်**

**မေတ္တာရပ်ခံတောင်းဆိုခြင်း**

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေး၊တရားစီရင်ရေး၊ဥပဒေပြုရေးဆိုသည့် မဏ္ဍိုင်ကြီးသုံးရပ်ဟာ တစ်ခုနှင့်တခုအပြန်အလှန်ထိန်းကျောင်းကြရပါမည်။ ထိုမဏ္ဍိုင်ကြီး သုံးရပ်တွင် တရားဥပဒေမဏ္ဍိုင်သည်လည်း လွတ်လပ်သော မဏ္ဍိုင် အဖြစ်ရပ်တည်လျက်ရှိသည်။ယခုအခါ ဒီမိုကရေစီရွေးကောက်ပွဲရလာဒ်အရတင်မြှောက်ထားသော အနိုင်တော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတကြီးဦးဝင်းမြင့် အပါအဝင် နိုင်ငံခေါင်းဆောင်များကို စစ်အကြမ်းဖက်အုပ်စုမှ မတရားဖမ်းဆီးချုပ်နှောင်ထားပြီး တရားစွဲဆိုနေသည်ကို တရားရေးမှ ပူပေါင်းဆောင်ရွက်ပေးနေသည်ကိုမြင်တွေ့နေရပါသည်။ ထို့အပြင် ငြိမ်းချမ်းစွာဆန္ဒပြနေသော ပြည်သူလူထု ကျောင်းသား/သူများအပေါ်တွင် စစ်အကြမ်းဖက်အုပ်စုမှ မတရားဖမ်းဆီးချုပ်နှောင်မှုများပြုလုပ်နေကြပါသည်။ထိုကဲ့သို့ပြုလုပ်နေသည်များအပေါ်တွင်လည်း တရားရေးဌာနမှ တရားသူကြီးများ ဥပဒေအရာရှိများမှ ပူးပေါင်းဆောင်ရွက်မှုပြုနေသည်မှာ မျက်မြင်ထင်ရှားဖြစ်သည်။ဥပဒေသည် ပြည်သူများကိုကာကွယ်ရမည်ဖြစ်ရာ ထိုကဲ့သို့ တရားဥပဒေမဲ့ လုပ်ရပ်များကို အထောက်အကူပြုကူညီပေးနေသည့်အပေါ် ဥပဒေပညာရပ်ကို သင်ကြားနေသည့် ဥပဒေကျောင်းသား/သူများအနေဖြင့်အပြင်းအထန်ကန့်ကွက်ရှုံ့ချပါသည်။ဥပဒေပညာသည် မြင့်မြတ်သောအသက်မွေးဝမ်းကြောင်းဖြစ်သည်ဟု စကားနဲ့လျော်ညီစွာလုပ်ဆောင်သင့်ပါသည်။ ထို့ကြောင့်မိမိတတ်မြောက်ထားသောဥပဒေပညာကို လေးစားသောအနေဖြင့် တရားရေးဝန်ထမ်းများကို အချိန်မှီ CDM တွင်ပူပေါင်းပါဝင်ပေးရန် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိဥပဒေကျောင်းသား/သူများက အနူးအညွတ်တောင်းဆိုလိုက်ပါသည်။

"မတရားသောဥပဒေများကို ကျင့်သုံးနေသော တရားစီရင်ရေးသည် တရားမျှတမှုကို ဖော်ဆောင်မပေးနိုင်။
ပြည်သူများအား အကာအကွယ်မပေးနိုင်သော တရားရေးမဏ္ဍိုင်သည် ရှက်ဖွယ်အတိဖြစ်ပေသည်"

ရန်ကုန်တက္ကသိုလ်ဥပဒေကျောင်းသား/သူများ
မန္တလေးတက္ကသိုလ်ဥပဒေကျောင်းသား/သူများ
ဒဂုံတက္ကသိုလ်ဥပဒေကျောင်းသား/သူများ
ဘားအံတက္ကသိုလ်ဥပဒေကျောင်းသား/သူများ
ပြည်တက္ကသိုလ်ဥပဒေကျောင်းသား/သူများ
မော်လမြိုင်တက္ကသိုလ်ဥပဒေကျောင်းသား/သူများ
ပုသိမ်တက္ကသိုလ်ဥပဒေကျောင်းသား/သူများ